# ဆေးနှင့်ဆေးနီးနွယ် ကျောင်းသားသမဂ္ဂများအဖွဲ့

# Association of Medical Students' Unions (AMSU)

ရက်စွဲ၊ ၊ ၂၈/ ၁၁/ ၂၀၂၁

## အမျိုးသားနေ့အတွက် သဝဏ်လွှာပေးပို့ခြင်း

ကျောင်းသားလှုပ်ရှားမှုသမိုင်းများ၏ ကနဦးအစဟုပင် ခေါ်ဝေါ်နိုင်သော၊ ကျောင်းသားများအား မတော်မတရား ဖိနှိပ်ထားသော ကိုလိုနီခေတ်ပညာရေးကို သပိတ်မှောက်ခဲ့ကြသည့် ပထမကျောင်းသားသပိတ် အခြေတည်ဖြစ်ပေါ်လာရာ အမျိုးသားနေ့သည်ကား ယနေ့ ၁၃၈၃ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ၁၀၁ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ထို ကျောင်းသားသပိတ်မှ အစပြုကာ ကျောင်းသားများသည် ပညာရေးတိုက်ပွဲများ တွင်သာမက ဖက်ဆစ်စနစ်တိုက်ဖျက်ရေး၊ လွတ်လပ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တိုက်ပွဲများတွင် ခေတ် အဆက်ဆက် တပ်ဦးမှပင် ပါဝင်လာခဲ့ကြသည်။ ထို့ကြောင့် ကျောင်းသားလှုပ်ရှားမှု သမိုင်းကြောင်းများ၏ ခြေလှမ်းအစခရီးကို ဂုဏ်ပြုသောအနေဖြင့် ပေါ်ပေါက်လာသော အမျိုးသားနေ့သည်ကား ကျွန်ုပ်တို့နိုင်ငံ အတွက် နေ့ထူးနေ့မြတ်တစ်ရက်ပင် ဖြစ်ပါသည်။

အမျိုးသားနေ့ဟု အစွဲပြုသတ်မှတ်ခဲ့ကြသည့် ၁၂၈၂ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့တွင် ကား တက္ကသိုလ်ကျောင်းသားများသည် အုပ်ချုပ်သူမျက်နှာဖြူများနှင့် ၎င်းတို့၏အလိုတော်ရိလူတန်းစားများ သာ လက်လှမ်းမီနိုင်သော၊ မြန်မာပြည်ကျောင်းသားထု၏ ပညာသင်ကြားခွင့်ကို အကန့် အသတ်များစွာနှင့် ဖိနှိပ်ချုပ်ချယ်ထားသော၊ တရားမျှတမှုမရှိသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို စတင်သပိတ်မှောက်ခဲ့ ကြသည်။ ထိုကျောင်းသားများ အစပြုလိုက်သော သပိတ်အရှိန်အဟုန်မီးတောက်သည် တစ်နိုင်ငံလုံးကို ကူးစက်လာခဲ့ပြီး နိုင်ငံအဝှမ်းရှိ ကျောင်းသားများပါ ကိုလိုနီနယ်ချဲ့ပညာရေးကို ဆန့်ကျင်သပိတ်မှောက်ခြင်း များ ပြုလုပ်လာခဲ့ကြသည်။ ထို့နောက်တွင်ကား နိုင်ငံအဝှမ်း၌ ကိုယ်ထူကိုယ်ထ အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့ကြပြီး စင်ပြိုင်ပညာရေးမဏ္ဍိုင်များကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြလေသည်။ ဤကား အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းစဉ်အကျဉ်းဖြစ်ပေသည်။ အမှန်စင်စစ်မှာ ထိုစဉ်ကတည်းက ကျောင်းသား ထု လိုလားတောင့်တတိုက်ပွဲဝင်ခဲ့ကြသော လွတ်လပ်ပြီးမျှတသည့် ပညာရေးစနစ်တစ်ခုမှာ ယနေ့အချိန်ထိ အနိုင်အမာ ရပ်လုံးပေါ်လာခဲ့ခြင်းမရှိသေးဟု ဆိုရပါမည်။ ထို့ကြောင့်လည်း ထိုပထမ ကျောင်းသားသပိတ်အပြီး

တော်လှန်သော ခေတ်အဆက်ဆက်တွင် ကျောင်းသားသပိတ်ပေါင်းများစွာ ဆက်လက် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။ ထိုသို့ပင် ပညာရေးတိုက်ပွဲမှသည် နိုင်ငံရေးလှုပ်ရှားမှုများထိ အဆင့်အဆင့်အသွင်ကူးပြောင်း လာခဲ့ကာ ကျောင်းသားလှုပ်ရှားမှုသမိုင်းများကား အလွန်အင်အား ကောင်းသည့်အဆင့်သို့ ရောက်ရှိလာခဲ့ကြ ပေသည်။

ယနေ့ခေတ်အခါတွင်လည်း သမိုင်းတစ်ကျော့ပြန်လည်သည်ဟု ဆိုနိုင်သည့်အတိုင်း အမျိုးသားနေ့ ဖြစ်ပေါ်လာရာသမိုင်းကြောင်းကဲ့သို့ အလားတူအခြေအနေမျိုးများကို ကြုံတွေ့နေရပေသည်။ တရားမဝင် အကြမ်းဖက်စစ်ကောင်စီသည် မတရားအာဏာသိမ်းလိုက်အပြီး ပြည်သူတစ်ရပ်လုံးအား လူမဆန်စွာဖမ်းဆီး သတ်ဖြတ်ညှင်းဆဲခြင်းများကို ကျူးလွန်လျက်ရှိသည်။ ထို့နောက် ၎င်းတို့သည် စစ်ကျွန်ပညာရေးကို ဆက်လက် အသက်သွင်းရန်ကြိုးပမ်းသော်လည်း တစ်နိုင်ငံလုံးရှိ ကျောင်းသားထုသည် လက်မခံဘဲ ခေတ်အဆက်ဆက်က သပိတ်မှောက်ကျောင်းသားများ၏ ပြင်းထန်သောယုံကြည်ချက်၊ မယိမ်းယိုင်သောစိတ်ဓါတ်မျိုးတို့ဖြင့် ကျောင်း ပြန်မတက်ဘဲ သပိတ်မှောက်လျက်ရှိပေသည်။ ထို့နောက် စစ်ကောင်စီလက်ဝေခံ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ များကိုလည်း လုံးဝအသိအမှတ်မပြုဘဲ တရားဝင် ယာယီတက္ကသိုလ်ကောင်စီများဖွဲ့စည်းကာ စင်ပြိုင် ပညာရေး မဏ္ဍိုင်များကို တည်ဆောက်ခဲ့ကြပြီး ကိုယ်ထူကိုယ်ထ ကြားကာလပညာရေးကို အသက်သွင်းခဲ့ကြသည်ပင် မဟုတ်ပါလော။ ဤသည်မှာ ပထမကျောင်းသားသပိတ်မှ သပိတ်မှောက်ကျောင်းသားများ၏ အသက်ဝိညာဉ် များသည် ယနေ့ခေတ်ကျောင်းသားထု၏ စိတ်ခန္ဓာတွင် စွဲကပ်လျက်ရှိနေသေးသည်၊ အမျိုးသားနေ့သည် သမိုင်းကြောင်းတွင်ကျန်ခဲ့သည်မဟုတ်ဘဲ ယနေ့ခေတ်အထိတိုင်အောင် အစဉ်အမြဲ အဓိပ္ပာယ်ပြည့်ဝစွာ ရှိနေသည်၊ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်နေသေးသည်ဟူသော သက်သေပင်ဖြစ်ပါသည်။

ကျောင်းသားထု၏ လွတ်လပ်ခြင်းနှင့် တရားမျှတခြင်းဆီသို့ဦးတည်သော တိုက်ပွဲများသည် ကျွန်ုပ်တို့ နိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် အစဉ်အမြဲ ပြောစမှတ်ပြုဖွယ် နေရာယူခဲ့ကြပေသည်။ ခေတ်အဆက်ဆက် သပိတ်မှောက်ကျောင်းသားများ၏ မပြီးမပြတ်သေးသော သမိုင်းပေးတာဝန်များကို ပခုံးလွှဲပြောင်းယူရန်၊ ပညာရေးတိုက်ပွဲ၊ နိုင်ငံအရွေ့တိုက်ပွဲများတွင် ဆက်လက်လှုပ်ရှားကြရန် ယနေ့ခေတ် ကျောင်းသားထုတွင် တာဝန်ရှိသည်ဟုလည်း ကျွန်ုပ်တို့မှတ်ယူပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဆေးနှင့်ဆေးနီးနွယ် ကျောင်းသား သမဂ္ဂများအဖွဲ့အနေနှင့်လည်း လွတ်လပ်၍ သာတူညီမျှမှုကို အခြေပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးစနစ်နှင့်တကွ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် အောင်မြင်စွာ ပေါ်ထွန်းလာရေးတို့ အတွက် စွမ်းစွမ်းတမံ တောင်းဆိုတိုက်ပွဲဝင်သွားမည်ဟု ကတိပြုလျက် ၁၀၁ ကြိမ်မြောက် အမျိုးသားနေ့အား ဂုဏ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာအား ပေးပို့လိုက်ပါသည်။